# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌
# ကျင့်သုံးသည့် Credit System ဆိုင်ရာ သက်မှတ်ချက်များ
# (5 Years Program)

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် Semester-wise Credit System ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပညာရေးအဖွဲ့မှ အောက်ပါအတိုင်း ဆွေးနွေးဆုံးဖြတ် သတ်မှတ်ထားပါသည်-

**၁။ Credit Unit သတ်မှတ်ခြင်း**

- သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ ဘာသာရပ်တခုစီအား သင်ကြား/သင်ယူချိန် နှင့် ကျောင်းသားများ၏ workload အရ Credit Unit ကို သတ်မှတ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူများသည် ဘာသာရပ်အလိုက် ဆရာ၊ ဆရာမများနှင့် ထိတွေ့ချိန် Lecture Contact Hours နှင့် Tutorial/ Discussion/ Assignment/ Practical Hours ၈၀% နှင့်အထက် ရရှိမှသာ ထိုဘာသာရပ်အတွက် Credit ရရှိမည်ဖြစ်ပြီး Credit Unit များကို အောက်ပါအတိုင်း သတ်မှတ်ပါသည်-

**3 Credit Unit Course အတွက် Lecture Contact Hours နှင့် Tutorial/ Discussion/ Assignment/ Practical Hours ရှင်းလင်းဖော်ပြချက်**

| Description | Hours per week (1 week) | Hours per semester (15 weeks) | Credit Unit |
|---|---|---|---|
| Lecture Contact Hours | 2 | 30 | 2 |
| Tutorial/ Discussion/ Assignment/ Practical Hours | 2 | 30 | 1 |
| Total | 4 | 60 | 3 |

**၂။ သင်ကြားချိန် (Contact Hours) အတွက် သတ်မှတ်ချက်များ**

- ကျောင်းသား၊ကျောင်းသူများအား ဘာသာရပ်တစ်ခုချင်းစီ၌ Lecture တက်ရောက်ချိန် အတွင်း Class Performance (Recitation, Quizzes, Seat/Board work, Oral reporting, etc.,) ကို အကဲဖြတ်မှု ပြုလုပ်ပါမည်။
- Lecture စာသင်ချိန်(၁၀)မိနစ်ထက် ပိုမိုနောက်ကျပါက မှတ်သားထားမည်ဖြစ်ပြီး (၃)ကြိမ်ပြည့် ပါက (၁)ချိန် ပျက်ကွက်သည်ဟု သတ်မှတ်ပါမည်။

## ၃။ Grade Point သတ်မှတ်ခြင်း

ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်တစ်ခုချင်းစီအလိုက် စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်၍ အကဲဖြတ်ရမှတ်များပေါ်မူတည်၍ Grade Point များကို သတ်မှတ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများအား အောက်ဖော်ပြပါ ပြုလုပ်ဆောင်ရွက်ချက်များပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်သွားပါမည်-

| Description | Percentage of Assessment |
|---|---|
| ▪ Lecture ချိန်အတွင်း Class Performance | 10 % |
| ▪ Class Participation အနေဖြင့် Continual Assessment များ ဖြစ်သော Tutorial/ Discussion/ Assignment/ Project/ Practical ပြုလုပ်ဆောင်ရွက်မှု | 20% - 30% ( ဘာသာရပ်ပေါ်မူတည်၍) |
| ▪ Summative Assessment ဖြစ်သော ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း | 70% - 60% ( ဘာသာရပ်ပေါ်မူတည်၍) |

စစ်ဆေးအကဲဖြတ်မှုမှ ရရှိလာသော ရမှတ်များပေါ်မူတည်၍ Grade Letter နှင့် Grade Point များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| No. | Marks Distribution | Letter Grade | Grade Point |
|---|---|---|---|
| 1 | >=90 | A+ | 4.0 |
| **2** | **80-89** | **A** | **4.0** |
| 3 | 75-79 | A- | 3.67 |
| 4 | 70-74 | B+ | 3.33 |
| **5** | **65-69** | **B** | **3.0** |
| 6 | 60-64 | B- | 2.67 |
| 7 | 55-59 | C+ | 2.33 |
| **8** | **50-54** | **C** | **2.0** |
| **9** | **40-49** | **D** | **1.0** |
| 10 | **<40** | F/ Abs/ I | 0.0 |

A = Excellent B = Good C = Average

D = Marginal Pass F = Failed I = Incomplete

Abs = Absent

## ၄။ Grade Point Average (GPA) တွက်ချက်ခြင်း

- Grade Points Earned = Grade Point * Credit Earned
- Grade Point Average (GPA)

  GPA = Total Grade Points Earned / Total Credits Earned in a Semester

  $$= \frac{\sum Grade\ Points\ Earned}{\sum Total\ Credits\ Earned}\ in\ a\ Semester$$

- Cumulative Grade Point Average (CGPA)

  CGPA = sum of all Grade Points Earned / sum of all Credits Earned in all Semesters

  $$= \frac{\sum Grade\ Points\ Earned}{\sum Total\ Credits\ Earned}\ in\ all\ Semesters$$

Example

**First Year, First Semester (Year 1 Semester 1)**

| No. | Subject | Credit Earned | Total Marks Obtained | Letter Grade | Grade Point | Grade Points Earned ( Grade Point * Credit Earned) |
|---|---|---|---|---|---|---|
| 1 | CST-11601 | 3 | 70 | B+ | 3.33 | 9.99 |
| 2 | CST-11501 | 3 | 75 | A- | 3.67 | 11.01 |
| 3 | CST-11701 | 3 | 68 | B | 3 | 9 |
| 4 | CST-11401 | 3 | 86 | A | 4 | 12 |
| 5 | CST-11201 | 3 | 92 | A+ | 4 | 12 |
| 6 | CST-11101 | 3 | 55 | C+ | 2.33 | 6.99 |
| Total Credit Unit | | 18 | Total Grade Point | | | 60.99 |
| GPA | | | | | | 3.39 |

**First Year, Second Semester (Year 1 Semester 2)**

| No. | Subject | Credit Earned | Total Marks Obtained | Letter Grade | Grade Point | Grade Point Earned ( Grade Point * Credit Earned) |
|---|---|---|---|---|---|---|
| 1 | CST-12602 | 3 | 68 | B | 3 | 9 |
| 2 | CST-12502 | 3 | 70 | B+ | 3.33 | 9.99 |
| 3 | CST-12702 | 3 | 55 | C+ | 2.33 | 6.99 |
| 4 | CST-12301 | 3 | 84 | A | 4 | 12 |
| 5 | CST-12201 | 3 | 89 | A | 4 | 12 |
| 6 | CST-12102 | 3 | 80 | A | 4 | 12 |
| Total Credit Unit | | 18 | Total Grade Point | | | 61.98 |
| GPA | | | | | | 3.44 |

**CGPA = (60.99 + 61.98)/ (18+18) = 3.42**

## ၅။ Course Registration သတ်မှတ်ချက်များ

- မိမိတက်ရောက်မည့်ဘာသာရပ်များကို စတင်သင်ကြားသည့်အချိန်မှစ၍ (၂)ပတ်အတွင်း Course Registration ပြုလုပ်ရမည်။
- Prerequisite ဘာသာရပ်များ ဖြေဆိုအောင်မြင်ပြီးမှသာ ဆက်နွယ်နေသော ဘာသာရပ်ကို Register ပြုလုပ်ခွင့်ရှိသည်။
- ဘာသာရပ်တစ်ခုကို (၂)ကြိမ်ထက်ပို၍ Register ပြုလုပ်ခွင့်မရှိပါ။
- Re-take ပြန်ယူရမည့် ဘာသာရပ်များအား ဦးစားပေး Register ပြုလုပ်ပြီးနောက် ကပ်လျှက်ရှိသော သင်တန်းနှစ်၏ ဘာသာရပ်များကို Register ပြုလုပ်ခွင့်ရှိသည်။

## ၆။ Academic Load သတ်မှတ်ချက်များ

- ကျောင်းသား၊ ကျောင်းသူများသည် သတ်မှတ်ထားသော အချိန်ကာလအတွင်း ဘွဲ့ရရှိရန်အတွက် Semester တစ်ခုစီ၌ 18 Credit Units (အနည်းဆုံး) မှ 21 Credit Units (အများဆုံး) ရရှိသည်အထိ ဘာသာရပ်များကို သင်ကြားသင်ယူရမည်။
- ကျောင်းသား၊ ကျောင်းသူများသည် Semester တစ်ခုစီ၌ အနည်းဆုံးသင်ယူရမည့် 18 Credit Units ရရှိသည်အထိ ဘာသာရပ်များကို မသင်ယူနိုင်ပါက သက်ဆိုင်ရာအတန်းပိုင်နှင့်သင်တန်းမှူးကို တင်ပြပြီး ပညာရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

## ၇။ Re-exam ဖြေဆိုရန်သတ်မှတ်ချက်များ

- ရေးဖြေစာမေးပွဲ၏ ၄၀% အောက် ရရှိလျှင်သော်လည်းကောင်း၊ Grade C အောက် ရရှိလျှင် သော်လည်းကောင်း အဆိုပါဘာသာရပ်အတွက် ကျောင်းသား၊ ကျောင်းသူများသည် Boot Camp သို့ မပျက်မကွက် တက်ရောက်ပြီးမှသာ Re-exam ပြန်လည် ဖြေဆိုရမည်။
- Re-exam ဖြေဆိုရမည့် ဘာသာရပ်အတွက် စာမေးပွဲကြေးထပ်မံပေးသွင်းရမည်။
- ယခင်ရရှိသည့် Grade Point နှင့် Re-exam ဖြေဆို၍ ရရှိသည့် Grade Point တို့ကို ပျမ်းမျှတွက်ချက်ယူပါမည်။
- ဘာသာရပ်တစ်ခုအား ပုံမှန်စာမေးပွဲ နှင့် Re-exam အပါအဝင် စာမေးပွဲများကို (၄) ကြိမ် ထက် ပိုမိုဖြေဆိုခွင့် မရှိပါ။

**Boot Camp & Re-exam Period:**

- 1st Semester : in May
- 2nd Semester : in November

## ၈။ ဘွဲ့ပေးရန်အရည်အချင်းသတ်မှတ်ချက်များ

အောက်ဖော်ပြပါ အရည်အချင်းအားလုံးပြည့်စုံသော ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအား ဘွဲ့ချီးမြှင့်မည်ဖြစ်ပါသည်-

- အများဆုံး သတ်မှတ်ကာလ (၈)နှစ်အတွင်း သတ်မှတ်ထားသော Credits(162) ရရှိသည်အထိ တက်ရောက် အောင်မြင်ပြီးစီးခြင်း
- လုပ်ငန်းခွင်အကြိုသင်တန်း (Internship) ပြီးမြောက်ခြင်း၊
- CGPA (2.0) နှင့်အထက်ရရှိခြင်း၊